International Labour Organization

# လူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်စာအုပ်

## လူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်စာအုပ်အား မည်သို့အသုံးချမည်နည်း။

မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းအသင်း၊
ငါးဖမ်းအလုပ်သမား အဖွဲ့အစည်းများအတွက်
လမ်းညွှန်ချက်မှတ်စု။

USER'S GUIDE

၂၀၁၈

Safe Youth @ Work Project

မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေး အစီအစဉ်(My-PEC)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့

# အသုံးချနည်းလမ်းညွှန်

လူငယ်များအတွက်
ဘေးအန္တရာယ်ကင်းရှင်းသည့်လုပ်ငန်းခွင်စာအုပ်အား
မည်သို့အသုံးချမည်နည်း။

မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းအသင်း၊
ငါးဖမ်းအလုပ်သမား အဖွဲ့အစည်းများအတွက်
လမ်းညွှန်ချက်မှတ်စု

Safe Youth @ Work Project in Myanmar
Myanmar Programme On the Elimination of Child Labour (My-PEC)
International Labour Organization (ILO)

**မူပိုင်ခွင့်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပထမအကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၈ ခုနှစ်၊**

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုတ်ဝေခြင်းများသည် Universal Copyright Convention Protocol 2 နှင့်အညီ မူပိုင်ခွင့်ရရှိထားပြီး ဖြစ်ပါသည်။ သို့ရာတွင် ထုတ်ဝေမှုများထဲမှ အချို့သော အချက်များကို ၎င်းတို့အား ထုတ်နှုတ်ယူရာ မူလရင်းမြစ်အား ရည်ညွှန်းဖော်ပြီး ခွင့်ပြုချက်တောင်းခံစရာ မလိုဘဲ ကူးယူဖော်ပြနိုင်ပါသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုပ်ဝေခြင်းများနှင့် စပ်လျဉ်းပြီး ပြန်လည်ထုတ်ဝေခြင်း သို့မဟုတ် ဘာသာပြန်ခြင်းဆိုင်ရာ မူပိုင်ခွင့်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ အမှတ် CH 1211၊ ဂျီနီဗာ ၂၂၊ ဆွစ်ဇာလန်နိုင်ငံ သို့မဟုတ် အီးမေး rights@ilo.org သို့ လျှောက်ထား ရယူသင့်ပါသည်။ ထိုသို့ လျှောက်ထားမှုများကိုလည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ကြိုဆိုအပ်ပါသည်။

စာကြည့်တိုက်များ၊ အဖွဲ့အစည်းအများ၊ ပြန်လည်ထုတ်ယူခွင့်ရှိသည့် အဖွဲ့အစည်းများထံတွင် မှတ်ပုံတင်ထားသူများအနေဖြင့် ပြန်လည်ထုတ်ယူခွင့်ဆိုင်ရာ လိုင်စင်ခွင့်ပြုချက်နှင့်အညီ စာစောင်များ ထုတ်လုပ်ဖြန့်ဝေနိုင်ပါသည်။ www.ifrro.org သို့ဝင်ရောက်ပြီး သင့်နိုင်ငံနှင့် ဆိုင်သည့် ထုတ်ဝေခွင့်ကို ကြည့်ပါ။

FUNDAMENTALS & LABADMIN/OSH

*လူငယ်များနှင့်အလုပ်လုပ်ခြင်း။ မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းအသင်း၊ ငါးဖမ်းအလုပ်သမား အဖွဲ့အစည်းများအတွက် လမ်းညွှန်ချက်မှတ်စု၊* အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ Fundamental Principles and Rights at Work Branch (FUNDAMENTALS), Labour Administration, Labour Inspection and Occupational Safety and Health Brach(LABADMIN/OSH)- ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမား ရေးရာ အဖွဲ့၊ ၂၀၁၈။ ISBN : 978-92-2-030863-9 (Print); 978-92-2-030864-6 (Web PDF)

International Labour Office; ILO Fundamental Principles and Rights at Work Branch အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်သည်။ *How to use the Safe Work for Youth Kit- User's Guide –A guidance note for fishing industry associations & organizations of fisheries workers in MYANMAR ,* ISBN : 978-92-2-030861-5 (print); 978-92-2-030862-2 (Web PDF), Yangon, 2018

*ILO ပုံနှိပ်ထုတ်ဝေခြင်းဆိုင်ရာ အချက်အလက် ကတ်တလောက်*

| ဂုဏ်ပြုမှတ်တမ်း |
|---|
| ဤစာအုပ်ဖြစ်မြောက်လာစေရန် FUNDAMENTALS အတွက် ILO, Geneva, SafeYouth@Work project မှ နည်းပညာ အကြံပေးအရာရှိ Nicholas Levintow ကအသေးစိတ်ပြုစုပြီး၊ အတိုင်ပင်ခံ Susan Gunnမှ အခြေခံပြုစုထားသည်။ ILO, Yangon ရုံး၊ မြန်မာနိုင်ငံ ကလေး အလုပ်သမားပပျောက်ရေးအစီအစဉ်မှ နည်းပညာအကြံပေးအရာရှိ Mr.Selim Benaissa က ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ အကျိုးရှိရှိ အားတက်သရော ကူညီပေးခဲ့ကြသူများ၊ အခွင့်အရေးရခိုက်တိုက်ရိုက်ပါဝင် ဆောက်ရွက်ပေးခဲ့သူများ (အကဲဖြတ်ဆန်းစစ်မှုနှင့် အလုပ်ရုံ ဆွေးနွေးပွဲအတွင်း အကြံပြုခဲ့ကြသူများ)အထောက်အပံ့များပြုခဲ့ကြပါသည်။ ဤပုံနှိပ်ထုတ်ဝေခြင်းအတွက် မြန်မာနိုင်ငံကလေးအလုပ်သမား ပပျောက်ရေး အစီအစဉ်(My-PEC) (MMR/13/10/USA) ၏ ပရောဂျက်မူဘောင်အောက်မှ ပူးပေါင်းသဘောတူညီမှုဆိုင်ရာအမှတ် IL-25263-14-75-K နှင့် Safe Youth @ Work project (MMR/16/50M/USA) ၏ ပူးပေါင်းသဘောတူညီမှုဆိုင်ရာ အမှတ် IL-226690-14-75-k-11 အမေရိကန် ပြည်ထောင်စု အလုပ်သမားဌာန ရန်ပုံငွေဖြင့်ထောက်ပံ့ပေးသည်။ |

ဤပုံနှိပ်ထုတ်ဝေခြင်းသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားဌာန၏ အမြင်(သို့)မူဝါဒများနှင့် သက်ဆိုင်မှုမရှိပါ။ (သို့) လုပ်ငန်းအမည်၊ စီးပွား ထုတ်ကုန်များ (သို့) အမေရိကန်ပြည်ထောင်စု အစိုးရမှ အတည်ပြုထောက်ခံထားသော အဖွဲ့အစည်းများအဖြစ် ဖော်ပြထားခြင်းမရှိပါ။ (My-PEC) စီမံချက်တစ်ခုလုံးကို စီမံချက်သက်တမ်းတိုးအပါအဝင် အမေရိကန်ဒေါ်လာ၆သန်းနှင့် Safe Youth @ Work project အတွက် အမေရိကန် ၈၈၉၆၄၉ ဒေါ်လာအား ဗဟိုအစိုးရရန်ပုံငွေဖြင့် ငွေကြေးထောက်ပံ့ထားသည်။ ကုလသမဂ္ဂကျင့်ဝတ်နှင့် ကိုက်ညီသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ပုံနှိပ်ထုတ်ဝေမှုများတွင် ပါဝင်သည့် ရာထူးအဆင့်များ၊ ဖော်ပြထားသည့် အကြောင်းအရာများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် စပ်လျဉ်းသည့် နိုင်ငံတစ်နိုင်ငံ၊ ၎င်း၏အချုပ်အခြာအာဏာပိုင် သို့မဟုတ် ၎င်း၏ နယ်ခြား သတ်မှတ်ချက်များနှင့် ပတ်သတ်သည့် မည်သည့်အယူအဆ၊ အကြောင်းအရာများအပေါ် သွယ်ဝိုက်ဖော်ပြထားချက်များ ပါဝင်ခြင်းမရှိပါ။ သက်ဆိုင်ရာဆောင်းပါး၊ စာတမ်း၊ အခြားထုတ်ဝေသည့် စာရွက်စာတမ်းပါ အယူအဆ၊ အကြောင်းအရာများနှင့် စပ်လျဉ်းသည့် တာဝန်ရှိမှုများသည် သက်ဆိုင်ရာစာရေးသူတို့၏ တာဝန်သာဖြစ်ပြီး ယခုစာအုပ်ငယ်ပါ အကြောင်း အရာများနှင့် စပ်လျဉ်း၍လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အနေဖြင့် အတည်ပြုချက်တစ်စုံတစ်ရာ ပေးအပ်ခြင်းမပြုပါ။

ရည်ညွှန်းထားသည့် သက်ဆိုင်ရာကုမ္ပဏီအမည်များ၊ စီးပွားရေး ထုတ်ကုန်များ၊ ပြုလုပ်မှု လုပ်ငန်းစဉ်များအပေါ် အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ အနေဖြင့် အတည်ပြုချက်တစ်စုံတစ်ရာ ပေးအပ်ခြင်းမပြုပါ။ သီးသန့်ကုမ္ပဏီတစ်ခု၊ စီးပွားရေး ထုတ်ကုန် သို့မဟုတ် ပြုလုပ်မှုလုပ်ငန်းစဉ်များ အပေါ် ဖော်ပြထားခြင်းမပြုသည်မှာ သဘောတူညီမှု မရှိသည်ကိုပြသထားခြင်းပင် ဖြစ်ပါသည်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ ထုတ်ဝေသည့်စာစောင်၊ စာအုပ်များအား စာအုပ်ဆိုင်ကြီးများ သို့မဟုတ် သက်ဆိုင်ရာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံးများမှဖြစ်စေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ရုံး၊ CH-၁၂၁၁ ၊ဂျီနီဗာ ၂၂၊ ဆွတ်ဇာလန် သို့ တိုက်ရိုက်ဖြစ်စေမှာယူ ရရှိနိုင်ပါသည်။ အသစ်ထုတ်ဝေသည့် စာစောင်၊ စာအုပ်များစာရင်း သို့မဟုတ် ကတ်တလောက်စာရင်းအား အထက်ပါလိပ်စာများတွင် အခမဲ့ရယူနိုင်ပါသည် သို့မဟုတ် ilo@turpin-distribution.com သို့အီးမေးလ်ပေးပို့၍ ဖြစ်စေအပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ အင်တာနက်စာမျက်နှာ www.ilo.org/publns.သို့ ilopubs@ilo.org ဝင်ရောက်၍ ဖြစ်စေရယူနိုင်ပါသည်။

| www.ilo.org/childlabour website သို့ဝင်ရောက်နိုင်ပါသည်။ |
|---|

မြန်မာနိုင်ငံတွင် ထုတ်ဝေသည်။ စွယ်တော်ပုံနှိပ်တိုက်မှ ပုံနှိပ်သည်။

# မာတိကာ


နိဒါန်း ........................................ ၁

ငါးဖမ်းလုပ်ငန်း ........................................ ၃

လူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့်အလုပ် လက်စွဲစာအုပ်အပေါ် ခြုံငုံသုံးသပ်ချက် ........................................ ၄

ဤစာအုပ်အား အသုံးပြုရန် အဆင့်များ ........................................ ၆

အလုပ်ရှင်များအနေဖြင့်ထည့်သွင်းစဉ်းစားသင့်သည့်နောက်ထပ် လုပ်ဆောင်ချက်များ ........................................ ၉

ထပ်ဆောင်း သတင်းအချက်အလက်များ ........................................ ၁၁

နောက်ဆက်တွဲများ ........................................ ၁၃

# နိဒါန်း

ဤလူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် လုပ်ငန်းခွင်စာအုပ်(Safe Work for Youth Kit)၏ ရည်ရွယ်ချက်သည် မြန်မာနိုင်ငံ ငါးဖမ်းလုပ်ငန်းကဏ္ဍ၌ ကလေးအလုပ်သမားများ မရှိစေရေးအပေါ် အထောက်အကူပြုရန်၊ ငါးဖမ်းလုပ်ငန်းအတွင်းရှိ လူငယ်အလုပ်သမားများအနေဖြင့် ခေါင်းပုံဖြတ်ခြင်းခံရနိုင်သည့်၊ အန္တရာယ်ရှိသည့် အလုပ်များအား လုပ်ကိုင်ရခြင်းမှ လွတ်ကင်းပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန် ဖြစ်ပါသည်။

## သတိရမှတ်သားထားပါ

အကယ်၍ အလုပ်လုပ်နေသည့် ကလေးငယ်များသည် တရားဝင်အလုပ်လုပ်ခွင့်ရှိသည့် အသက်(၁၄) အောက်ဖြစ်ပါက . . . **သူတို့သည် ကလေးအလုပ်သမားဖြစ်ကြသည်။**

အကယ်၍ အသက် (၁၈)နှစ်အောက် လူငယ်များသည် အလုပ်ခွင်၌ ရုပ်ပိုင်း သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအန္တရာယ်ကျရောက်နိုင်သော အခြေအနေများနှင့် အများအပြားထိတွေ့နေရပါက . . . **သူတို့သည် ကလေးအလုပ်သမားဖြစ်ကြသည်။**

ဤလက်စွဲစာဆောင်သည် ကုန်းတွင်းပိုင်းရေပြင် သို့မဟုတ် ပင်လယ်ပြင်အတွင်း လုပ်ကိုင်လျက်ရှိသော ငါးဖမ်းသူများအတွက် အဓိကဦးတည်ပြုစုထားပါသည်။ ငါးဖမ်းလုပ်ငန်းကဏ္ဍရှိ ငါးဖမ်းသင်္ဘောပိုင်ရှင်များ၊ အလုပ်ရှင်အဖွဲ့ အစည်းများသာမက ငါးဖမ်းအလုပ်သမားများသမဂ္ဂများ သို့မဟုတ် အသင်းအဖွဲ့များ အသုံးပြုရန်အတွက် ပြုစုထားပါသည်။ ရည်ရွယ်ချက်မှာ လူငယ်အလုပ်သမားများနှင့်စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးပြီး ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရေး ငါးဖမ်းလုပ်ငန်းကဏ္ဍ၏ခေါင်းဆောင်မှုနေရာ ရယူထားသူများအပေါ် အထောက်အပံ့ပြုပေးရန် ဖြစ်ပါသည်။

## အဓိကစည်းမျဉ်းများ

လူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် အလုပ် (Safe Work for Youth ) တွင် အဓိကထား ဖော်ပြထားသည့် အခြေခံစည်းမျဉ်းများထဲမှ တစ်ချက်သည် လုပ်ငန်းရှင်တစ်ယောက်အနေဖြင့် ၎င်း၏အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး (စိတ်ပိုင်းဆိုင်ရာ ညင်းပန်းနှိပ်စက်မှုအား ကာကွယ်ပေးခြင်း အပါအဝင်) အတွက် တာဝန်ရှိခြင်းပင်ဖြစ်ပါသည်။ ထိုသို့တာဝန်ရှိမှုတွင် ပုံမှန်အလုပ်သမားများသာမက အချိန်တိုငှားရမ်းထားသူများ၊ လာရောက်ကူညီပေးသည့် မိသားစုဝင်များလည်း ပါဝင်ပါသည်။ လေ့ကျင့်သင်ကြားပေးခြင်းသည် လူငယ်အလုပ်သမားများဘေးကင်းအောင်ဆောင်ရွက်ရာတွင် ပထမဦးဆုံးအဆင့်ဖြစ်သော်လည်း မကြာခဏ ဖြစ်တတ်လွန်းသည်မှာ အချိန်တိုအလုပ်သမားများ သို့မဟုတ် မိသားစုဝင်များအား သတိမပြုမိခြင်း၊ လွဲမှားစွာ လေ့ကျင့်သင်ကြားပေးမိခြင်းတို့ပင် ဖြစ်ပါသည်။ သို့ရာတွင် လေ့ကျင့်သင်ကြားခြင်းသည် တစ်ကြိမ်တစ်ခါတည်း လုပ်ရမည့် ကိစ္စမဟုတ်ပါ။ ငါးဖမ်းသင်္ဘောပိုင်ရှင် သို့မဟုတ် အသက်ကြီးငါးဖမ်းသမားများအနေဖြင့် လူငယ်အလုပ်သမားများက သူတို့တစ်နေ့တာ လုပ်ကိုင်နေစဉ်အတွင်း အလုပ်နှင့်ပတ်သက်သည့် မေးခွန်းများအား စိတ်အေးချမ်းသာစွာ မေးမြန်းနိုင်မည့် ပတ်ဝန်းကျင်အခြေအနေတစ်ရပ်အား ဖန်တီးထားပေးရန်လိုပါသည်။

အခြားအရေးကြီးသည့် သတင်းစကားတစ်ရပ်မှာ ၎င်း၏ လူငယ်အလုပ်သမားများအား အကာအကွယ်ပေးရန် ဂရုစိုက်သော ငါးဖမ်းလုပ်ငန်းတစ်ခုသည် ပိုမိုအကျိုးဖြစ်ထွန်းပြီး ထုတ်လုပ်မှု စွမ်းအားမြင့်မားလာမည့် လုပ်ငန်းတစ်ခုဖြစ်ရန် အလားအလာရှိနေခြင်းပင်ဖြစ်သည်။ ၎င်းသည် ငွေကုန်ကြေးကျမှုအားလည်း သက်သာစေပါသည်။ အရေးကြီးဆုံး အချက်မှာ လူငယ်အလုပ်သမားများအတွက် ဘေးကင်းစေရန် အာရုံစိုက်ဆောင်ရွက်ထားသော အလုပ်နှင့် လုပ်ငန်းခွင် အခြေအနေများသည် လူကြီးအလုပ်သမားများအတွက်ပါ ဘေးကင်းသည့် လုပ်ငန်းခွင် ဖြစ်လာခြင်းပင်ဖြစ်ပါသည်။ အလုပ်သမားထုအကြား မတော်တဆထိခိုက်မှုများ လျော့နည်းလာခြင်းသည် နှစ်ဦးနှစ်ဖက်လုံး ကောင်းသည့် အခြေအနေ (Win – Win Situation) ဖြစ်ပါသည်။

တတိယမြောက်အခြေခံစည်းမျဉ်းမှာ လူငယ်များတွင် အန္တရာယ်ကျရောက်နိုင်မှု အခြေအနေများသာမက သူတို့၏ ရပိုင်ခွင့်နှင့် တာဝန်များကိုပါ သိခွင့်ရှိသည့် အချက်ပင်ဖြစ်ပါသည်(အသုံး ခု)။ လူငယ်များအား သတင်းအချက်အလက်ပံ့ပိုးပေးခြင်းသည် လူငယ်အလုပ်သမားများ ကာကွယ်ရေးလှုပ်ရှားမှုတစ်ခု၏ ပထမ သို့မဟုတ် တစ်ခုတည်းသော အစိတ်အပိုင်းအဖြစ် မည်သည့်အခါမျှ မဖြစ်သင့်ပါ။ ၎င်းသည် မရှိမဖြစ် အစိတ်အပိုင်းတစ်ခုသာ ဖြစ်သင့်ပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် ကောက်ယူသည့် လေ့လာချက်စမ်းတမ်းများအရ လူငယ်အလုပ်သမားများသည် အလုပ်ခွင်၌ ၎င်းတို့ ဘေးကင်းစွာလုပ်ကိုင်နိုင်ရန် လိုအပ်သည့်သင်တန်းများ တက်ရောက်ခွင့်မရရှိကြောင်း တွေ့ရှိရပါသည်။ သူတို့အနေဖြင့် အဆိုပါ သတင်းအချက်အလက်များအား စာသင်ကျောင်းများ၊ သက်မွေးပညာသင်ကြားရေး အစီအစဉ်များနှင့် အလုပ်မှရရှိသင့်ပါသည်။ လူငယ်အလုပ်သမားများသည် ၎င်းတို့၏ အလုပ်သမားဘဝအစတွင် အရေးကြီးသည့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များအား  လေ့လာသင်ယူခွင့်ရရှိခဲ့ခြင်းသည် လုပ်ငန်းခွင်ဘေးအန္တရယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးတွင် ချဉ်းကပ်ဆောင်ရွက်မှု နည်းလမ်းအသစ် တစ်ခုဖြစ်သည့် "ကြိုတင်ကာကွယ်ခြင်း အလေ့အထ တစ်ရပ်" အပေါ် လူငယ်အလုပ်သမားများအနေဖြင့် ပူးပေါင်းပါဝင်လာမှုအား အထောက်အကူဖြစ်စေပါသည်။ သတင်းအချက်အလက် ကောင်းစွာရရှိထားသည့် အလုပ်သမားများသည် ဘေးကင်း၍ ထုတ်လုပ်နိုင်စွမ်းရှိသော လုပ်ငန်းခွင်များ ဖြစ်စေရေးပိုင်ရှင်နှင့် လုပ်ငန်းပိုင်ရှင်တို့က လုပ်ဆောင်ရာတွင် ပိုမိုအထောက်အကူပေးနိုင်ကြပါသည်။

## အန္တရာယ်၊ အခွင့်အရေးများ၊ တာဝန်များ

(၁) လုပ်ငန်းခွင်အားလုံးတွင် အန္တရာယ်များရှိကြပါသည်။ အလုပ်၏ ပင်ကိုယ်အခြေအနေ သို့မဟုတ် လုပ်ငန်းခွင်ပတ်ဝန်းကျင် အခြေအနေများကြောင့် အန္တရာယ်များရှိကြခြင်းဖြစ်ပါသည်။ ညံ့ဖျင်းသော လုပ်ငန်းခွင်ပတ်ဝန်းကျင်အခြေအနေများသည် ဘေးအကင်းဆုံးအလုပ်တာဝန်များကိုပင် အန္တရာယ် ကျရောက်စေအောင် ပြုလုပ်နိုင်ပါသည်။

(၂) အဆိုပါ အန္တရာယ်များကို ကြိုတင်ရှာဖွေဖော်ထုတ်ခြင်းဖြင့် ၄င်းတို့အား ထိထိရောက်ရောက် လျော့နည်းသွားအောင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ လက်ခံနိုင်သော ပမာဏအခြေအနေထိ အန္တရာယ်ကျရောက်နိုင်မှုအခြေအနေကိုလျော့ချခြင်းသည် သက်ဆိုင်ရာအလုပ်ရှင်၏တာဝန်ဖြစ်ပါသည်။

(၃) လူငယ်အလုပ်သမားများအနေဖြင့် အန္တရာယ်များကို မည်သို့ရှာဖွေဖော်ထုတ်ရမည်၊ သူတို့ဘာသာသူတို့ အန္တရာယ်များကို မည်သို့ကာကွယ်ရမည်အားသိရှိထားရန်လိုပါသည်။

(၄) လူငယ်အလုပ်သမားများသည် ထိလွယ်ရှလွယ်ဖြစ်တတ်ပါသည်။ သူတို့တွင် ခွန်အားများလည်းရှိပါသည်။ အသက်(၁၈)နှစ် မပြည့်မခြင်း နိုင်ငံတကာ ဥပဒေများအရ သူတို့အနေဖြင့် အထူးကာကွယ် စောင့်ရှောက်ခွင့်ရရှိရမည်ဖြစ်ပါသည်။

# ငါးဖမ်းလုပ်ငန်း

ကမ္ဘာတစ်ဝှမ်းတွင် ငါးဖမ်းလုပ်ငန်းသည် အလုပ်လုပ်ကိုင်ရန် အန္တရာယ်အများဆုံးကဏ္ဍများထဲမှ တစ်ခုအဖြစ် အမည်ဂုဏ်သတင်းရှိကြပါသည်။ ထို့သို့ဖြစ်ရခြင်းမှာ အောက်ပါအကြောင်းအခြင်းအရာများကြောင့် ဖြစ်ပါသည်-

- ငါးဖမ်းလုပ်ငန်းတွင် မိုးရွာခြင်း၊ ချမ်းအေးခြင်း၊ အပူနှင့် မုန်တိုင်းများကဲ့သို့သော ကြမ်းတမ်းပြီး ခွင့်မလွှတ်တတ်သည့် ပတ်ဝန်းကျင်နှင့်ထိတွေ့ခြင်းများ ပါဝင်ပါသည်။
- ကျောက်ဆောင်ကျောက်တန်းများကြားမှ ငါးများ မောင်းထုတ်ရန် ဒိုင်းနမိုက် သို့မဟုတ် ဆိုင်ရာနိုက်ကို အသုံးပြုခြင်း သို့မဟုတ် ခရု၊ ကမာ၊ ဂဏန်းအစရှိသည့် အခွံမာ ရေသတ္တဝါများကို ရေငုပ်ဖမ်းရန် သို့မဟုတ် ပိုက်ကွန်များချရန် သို့မဟုတ် ဖြုတ်ရန် သို့မဟုတ် ပိုက်ကွန်အတွင်း ငါးများကျုံးသွင်းရန် ရေငုပ်သမားများ အများအားဖြင့် လူငယ်များကို ခိုင်းစေအသုံးပြုခြင်းကဲ့သို့သောအချို့သော ငါးဖမ်းခြင်းဆိုင်ရာ အလေ့အထများသည် အလွန်အမင်းအန္တရာယ်များပါသည်။
- နှစ်ရှည်လများ စိုစွတ်နေသည့် မျက်နှာပြင်များသည် ချော်လဲကျစေတတ်ပြီး ချော်လဲခြင်းနှင့် လိမ့်ကျခြင်းတို့ကြောင့် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိမှုနှုန်း မြင့်မားလာစေခြင်းမှာလည်း အဆိုပါ စိုစွတ်နေသည့် မျက်နှာပြင်များကြောင့်ဖြစ်ပါသည်။ စိုစွတ်သည့် အခြေအနေများသည် အရေပြားရောဂါများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါကူးစက်မှုကဲ့သို့သော လုပ်ငန်းခွင် ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားစေပါသည်။

သတိပြုမိမှုနည်းပါးသော်လှသော်လည်း လူငယ်တစ်ဦး၏ ဘဝတွင် ကြာရှည်တည်တံ့သည့် အကျိုးသက်ရောက်မှုများမှာ လူမှုရေးဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုပင်ဖြစ်ပါသည်။ ဥပမာ-

- ငါးဖမ်းလုပ်ငန်းသည် ၎င်းတို့၏ မိသားစုလုပ်ငန်းတွင် သို့မဟုတ် အငှားအလုပ်သမားအဖြစ် ကျောင်းနေအရွယ်ကလေးများကို ကျောင်းမှ နှုတ်ထွက်စေပြီး လုပ်ငန်းခွင် ဝင်ရောက် လာစေသည့် ဆွဲဆောင်တတ်သော သတ္တိရှိနိုင်ပါသည်။
- ရေနက် ငါးဖမ်းခြင်း သို့မဟုတ် ကမ်းလွန်ငါးဖမ်းလုပ်ကွက်တွင် လုပ်ကိုင်ရခြင်း သို့မဟုတ် ငါးဖမ်းသင်္ဘောပေါ်တွင် နာရီပေါင်းများစွာ လုပ်ကိုင်ရခြင်းကဲ့သို့သော အချိန်ကြာမြင့်စွာ သက်တူရွယ်တူများ၊ လူမှုအသိုင်းအဝိုင်းမှခွဲခွာ၍ သီးသန့်လုပ်ကိုင်ရသော လူငယ်အလုပ်သမားများသည် လူကြီးများနှင့်အတူ အနီးကပ်အလုပ်လုပ်ကိုင်ရသည့်အခါ အရက်သေစာသောက်စားခြင်း၊ ဆဲဆိုခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းစသည့် လူကြီး အလုပ်သမားများ၏ အမူအကျင့်အများနှင့် ထိတွေ့ရခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အနိုင်ကျင့်ခံရခြင်းများနှင့်လည်း ကြုံတွေ့နိုင်ပါသည်။

ငါးသည် မြန်မာအစားအစာတွင် အရေးပါသော အစိတ်အပိုင်းတစ်ခုအဖြစ် အစဉ်အမြဲရှိခဲ့ရာမှ ယခုအချိန်တွင် ငါးဖမ်းလုပ်ငန်းကဏ္ဍသည် မြန်မာနိုင်ငံ၏ အမျိုးသားစီးပွားရေး၌ အရေးပါမှု မြင့်မားလာနေပြီဖြစ်ပါသည်။ နိုင်ငံတကာတွင် ရောင်းအားကျယ်ပြန့်လာသည်နှင့်အမျှ ကလေးအလုပ်သမားခိုင်းစေခြင်း သို့မဟုတ် လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှုနှုန်း မြင့်မားလာခြင်းတို့ကြောင့် မြန်မာနိုင်ငံမှ ငါးဖမ်းလုပ်ကိုင်သူများအနေဖြင့် အကျိုးအမြတ်များသော တန်ဖိုးကွင်းဆက်များနှင့် ဈေးကွက်အသစ်အခွင့်အလမ်းများ ရရှိနိုင်မည်ဟုတ်ပါ။

ငါးဖမ်းလုပ်ငန်းကဏ္ဍအတွင်း ယှဉ်ပြိုင်မှုမြင့်လာပြီး ရလာဒ်အနေဖြင့် ကုန်ကျစရိတ်နည်းနိုင်သမျှ နည်းနိုင်စေရေး ဖြတ်လမ်းနည်း သုံးစွဲလုပ်ကိုင်ရန် ကန်ထရိုက်တာများနှင့် လုပ်ငန်းခွင်မန်နေဂျာများအပေါ် ဖိအားများပေးလာမည်ဖြစ်ပါသည်။ ဤအချက်အရ အခြားအလုပ်များအပေါ် စောင့်ကြည့်မှုနည်းပါးသွားမည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ အလုပ်သမားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် သေဆုံးခြင်းမဖြစ်မခြင်း လုပ်ငန်းခွင်အများစုကို မစစ်ဆေးကြတော့ပါ။

# လူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့်အလုပ် လက်စွဲစာအုပ် အပေါ် ခြုံငုံသုံးသပ်ချက်

၁။ **အလုပ်ရှင်များအတွက်** - ဤလက်စွဲစာအုပ်သည် ငါးဖမ်းလုပ်ငန်းကဏ္ဍရှိ ငါးဖမ်းသင်္ဘောပိုင်ရှင်များနှင့် အခြားအလုပ်ရှင်များအတွက်ဖြစ်ပါသည်။ ၎င်းတို့တွင် အောက်ပါတို့ပါဝင်သည်-

**"လူငယ်အလုပ်သမားများအား ဘေးအန္တရာယ်ကင်းရှင်းအောင်ထားပါ"** လက်စွဲ စာအုပ်သည် လူငယ်အလုပ်သမားများနှင့်လုပ်ကိုင်ပါက သိရှိထားရမည့် အခြေခံစည်းမျဉ်းများနှင့် အခြေခံမူများကိုဖော်ပြထားပါသည်။ လူငယ်အလုပ်သမားများအတွက် အန္တရာယ်ကျရောက်နိုင်သည့် နယ်ပယ်များကို ဆန်းစစ်ထားပြီး အဆိုပါ အန္တရာယ်ကျရောက်နိုင်မှုအပေါ် မည်သို့ဆောင်ရွက်သင့်သည့် လက်တွေ့အကြံပြုချက်များလည်း ထည့်သွင်းပေးထားပါသည်။ လက်စွဲ စာအုပ်တွင်ပါရှိသည့် ခေါင်းစဉ်အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- အချိန်နှင့် နာရီများ
- အန္တရာယ်ရှိသော အရာဝတ္ထုများ
- နှောင့်ယှက်ခြင်းနှင့် အကြမ်းဖက်ခြင်း
- အလုပ်သမားများအတွက် သက်တောင့်သက်သာဖြစ်စေသည့် အသုံးဆောင်ပစ္စည်းများ

ငါးဖမ်းလုပ်ငန်း စစ်ဆေးချက်ပုံစံသည်ဖြစ်နိုင်ဖွယ်ရာရှိသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များနှင့်စပ်လျဉ်းပြီး အထောက်အကူ သို့မဟုတ် အသိပေးရန် ရေးဆွဲထားသည့် ဆွဲယူဖြန့်ထုတ်ကြည့်နိုင်သည့် စာရွက်ဖြစ်ပါသည်။ ယခင်က အလုပ်သမားရေးရာ စစ်ဆေးရေးအရာရှိအနေဖြင့် ပုံမှန် စစ်ဆေးခြင်း၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဖြည့်စွက်အသုံးပြုလေ့ရှိကြပြီး ယခုအခါ အလုပ်နှင့်စပ်လျဉ်းသည့် ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အဆိုပါ အလုပ်နှင့်စပ်လျဉ်းသည့် ကျန်းမာရေးနှင့်ဘေးအန္တရာယ် ကင်းရှင်းရေးအပေါ် မည်သို့ ဆောင်ရွက်နေသည်တို့နှင့်စပ်လျဉ်းပြီး စစ်ဆေးရာတွင် အချိန်ကာလအလိုက် အလုပ်ရှင်များ သို့မဟုတ် အလုပ်သမား ကိုယ်စားလှယ်များအားအနေဖြင့် အသုံးပြုရန်အားပေးတိုက်တွန်းအပ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အလုပ်သမားများပါ ပူးပေါင်းပါဝင်ဆောင်ရွက်စေသည့် နည်းလမ်းဖြင့် အသုံးပြုပါက အထူးကောင်းမွန်ပါသည်။

၂။ **လူငယ်အလုပ်သမားများအတွက်** - ဤလက်စွဲစာအုပ်သည် အသက် ၁၄ နှစ်မှ ၁၈ နှစ်အကြား ငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသည့်လူငယ်အလုပ်သမားအတွက် ရည်ရွယ်ပြုစုထားခြင်းဖြစ်ပါသည်။ အလုပ်သမားအဖွဲ့အစည်းများအနေဖြင့်လည်း စည်းရုံးရေးနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထူးအသုံးဝင်ပါလိမ့်မည်။

**"ဘေးကင်းအောင်နေထိုင်ပါ"** သည် လူငယ်များအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ယေဘုယျ မိတ်ဆက်လက်ကမ်းစာစောင်တစ်ခုဖြစ်ပါသည်။ လူငယ်အလုပ်သမားများ၏ အခွင့်အရေးများကို အဓိကထားဖော်ပြလိုခြင်းကြောင့် ယဉ်ကျေးမှုနှင့်ဆီလျော်မှုရှိစေရေးအကြောင်းအရာ၊ အသုံးအနှုန်းများအပေါ် ပြန်လည်သုံးသပ်ထားရန် အရေးကြီးပါသည်။

**"အချက်အလက် စာရွက်များ"**သည် စာမျက်နှာ (၂) မျက်နှာပါ လက်ကမ်းစာစောင်များဖြစ်ကြပြီး ထုတ်လုပ်ရန်စျေးသက်သာ၍ အလွယ်တကူဖြန့်ဝေနိုင်ကာ လျင်မြန်စွာလည်းဖတ်ရှုနိုင်ပါသည်။ အချက်အလက်စာရွက်တွင်အောက်ပါအချက်များပါဝင်ပါသည် -

- ၎င်းတို့အား အဆိုပါ အလုပ်မျိုးအတွက် လုပ်ကိုင်ရန် ငှားရမ်းသည့်အခါ လူငယ်အလုပ်သမားများ လုပ်ကိုင်ရမည့် လုပ်ငန်းတာဝန်အချို့
- လုပ်ငန်းကဏ္ဍအတွင်း လူငယ်အလုပ်သမားများနှင့်ပတ်သက်သက်ဆိုင်သည့် အဖြစ်အများဆုံးအန္တရာယ်များ၊
- ကလေးအလုပ်သမားနှင့် သင့်တော်သည့် လူငယ်အလုပ်အကိုင်အကြား ကွဲပြားမှုကို ညွှန်ပြသော လူငယ်အလုပ်သမားများအား အကာအကွယ်ပေးသည့် မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှုဥပဒေများ၊
- အလုပ်လုပ်ကိုင်ရန် ဘေးကင်းသော နေရာတစ်ခုအား ဖော်ဆောင်ပေးရမည့် အလုပ်ရှင်၏တာဝန်များ၊
- လုပ်ငန်းခွင် ဘေးအန္တရာယ်ထိခိုက်မှုဆိုင်ရာ ဖြစ်ရပ်မှန်များ။

# ဤစာအုပ်အား အသုံးပြုရန်အဆင့်များ

## အဆင့်(၁) စည်းရုံးပါ။

- **<u>လုပ်ဖော်ကိုင်ဖက်များကမည်သူများလဲ၊</u>** Safe Work for Youth အား သင့်အဖွဲ့အစည်းကိုယ်တိုင် သို့မဟုတ် အခြားအဖွဲ့အစည်းများ သို့မဟုတ် အေဂျင်စီနှင့်အတူ ပို၍ကြီးမားသော လှုပ်ရှားမှုတစ်ရပ်၏ အစိတ်အပိုင်းအဖြစ် ဆောင်ရွက်နေပါသလား။ အခြားသောသူများနှင့် အတူတကွ လုပ်ဆောင်ခြင်းသည် သက်ရောက်မှုတစ်ခုရှိရန် ကောင်းမွန်သော နည်းလမ်းတစ်ခုဖြစ်သည်။
- **<u>ရည်ရွယ်ချက်က ဘာလဲ၊</u>** သင့်အနေဖြင့် မည်သည့်အောင်မြင်မှုများ ရရှိမည်ဟု မျှော်လင့်ထားပါသနည်း။ ရရှိမည့် အဓိကအကျိုးကျေးဇူးမှာသင်၏လုပ်ငန်းကဏ္ဍနှင့်စပ်လျဉ်းသည့် မိတ်ဖက်များအနေဖြင့် အချိန်နှင့် ငွေကြေးကုန်ကျမှုများသည့် မတော်တဆထိခိုက်မှုများ နည်းပါးသွားခြင်းပင်ဖြစ်ပါသည်။ ထို့ပြင် အခြားသော အကျိုးကျေးဇူးများလည်း ရှိပါသေးသည်။ ငါးဖမ်းလုပ်ငန်းတစ်ခုခြင်းစီအနေဖြင့်လည်း Safe Work for Youth သည် အမည်ကောင်း သို့မဟုတ် ဂုဏ်သတင်းများဖန်တီးရန် နည်းလမ်းတစ်ခု သို့မဟုတ် အလုပ်သမားများအား သင်တန်းပေးရန်အတွက် စမှတ်တစ်ခုအဖြစ် အသုံးဝင်ကြောင်း သိရှိလာကြမည်ဖြစ်ပါသည်။

## အဆင့် (၂) သတင်းအချက်အလက်များကို ကြိုတင်ပြင်ဆင်ပါ။

**လူငယ်အလုပ်သမားများအား လုပ်ငန်းခွင်နှင့် ကိုက်ညီအောင် ဆောင်ရွက်ပါ။**

- ဆောင်ရွက်နေသည့် အလုပ်ကိစ္စရပ်များ၊ လုပ်ဆောင်ချက်များ အားလုံးကို စာရင်းတစ်ခု ပြုလုပ်ရန် လူငယ်အလုပ်သမား လုပ်ကိုင်နေသည့် ငါးဖမ်းလုပ်ငန်းခွင်အတွင်းသို့ တစ်ဦး တစ်ယောက်အား သွားခိုင်းပါ (မှတ်ဉာဏ်ကို အားကိုးပါက အချို့အကြောင်း အရာများကို မေ့ကျန်ရစ်နိုင်ပါသည်။ သို့ပါ၍ လေ့လာကြည့်ရှုခြင်းသည် အကောင်းဆုံးချဉ်းကပ်ဆောင်ရွက်သည့် နည်းလမ်းဖြစ်ပါသည်။) သန့်ရှင်းရေးဆောင်ရွက်ခြင်း သို့မဟုတ် ကိရိယာ၊ တန်ဆာပလာများ ပြန်လည်သိမ်ဆည်းခြင်းကဲ့သို့သော တစ်နေ့တာ အစတွင် ဆောင်ရွက်ရသည့် လုပ်ငန်းသာမက တစ်နေ့တာကုန်ဆုံးသည့်အချိန်၌ ဆောင်ရွက်ရသည့် ကိစ္စရပ်များလည်း ပါဝင်ပါစေ။ လဘက်ရည်ဖျော်ခြင်း၊ တောက်တိုမယ်ရအလုပ် သို့မဟုတ် ပစ္စည်းဝယ်ခြင်း သို့မဟုတ် စီထပ်ခြင်းကဲ့သို့သော သေးငယ်သော အလုပ်အမျိုးအစားများလည်း ပါဝင်ထည့်သွင်းပါ။ ဖြစ်နိုင်ပါက အန္တရာယ်ဖြစ်ပေါ်လာနိုင်ဖွယ်ရာရှိသည့် အလုပ်တာဝန်များကို ဓါတ်ပုံရိုက်ယူပါ။
- လူငယ်အလုပ်သမားများအတွက် ပြင်းထန်လွန်းသည့် သို့မဟုတ် အန္တရာယ်ရှိသည်ဟု ထင်မြင်ယူဆသည့် တာဝန်များ၊ လုပ်ဆောင်ချက်များ အားလုံးကို မင်နီတားထားပါ။ လူငယ်အလုပ်သမားများအတွက် သီးခြားဖြစ်နေသော၊ ညစ်ညမ်းမှုဖြစ်နေသော သို့မဟုတ် အခြားအကြောင်း အရင်းများကြောင့် အန္တရာယ်ရှိနေသော တာဝန်များ၊ လုပ်ငန်းကိစ္စများအားလုံးကိုလည်း မင်နီတားထားပါ။
- ရရှိလာသည့် စာရင်းအား သင်၏အလုပ်သမား သို့မဟုတ် အလုပ်ရှင်ကိုယ်စားလှယ်နှင့် ပြန်လည်သုံးသပ်ပြီး အားလုံးလက်ခံသည့် စာရင်းဖြစ်အောင်ပြင်ဆင်ပါ၊ အန္တရာယ်ရှိသော၊ အထူး ဦးစားပေးဆောင်ရွက်သင့်သောအခြေအနေများနှင့် အလုပ်တာဝန်များအပေါ် အထူးအလေးထားဆောင်ရွက်ပေးပါ။

## ဤစာရင်းသည် လူငယ်အလုပ်သမားများအတွက် လုပ်ကိုင်ရန် 'သင့်၊ မသင့်' ကနဦး စာရင်းပင် ဖြစ်ပါသည်

လူငယ်အလုပ်သမားများအတွက် လုပ်ကိုင်ရန် 'သင့်၊မသင့်' ကနဦး စာရင်းအား အလုပ်သမားများနှင့် သင့်တော်အောင် လုပ်ဆောင်ထားပေးပါ။

- အလုပ်သမားများအနေဖြင့် ဖတ်ရှုနားလည်နိုင်ပါသလား။ သူတို့ ဖတ်ရှုနားမလည်နိုင်ပါက "လုပ်ကိုင်ရန် မသင့်"သည့် အကြောင်းအရာတစ်ခုချင်းစီအတွက် ပုံကြမ်း၊ ကာတွန်း သို့မဟုတ် ဓာတ်ပုံများ ထည့်သွင်းပေးပါ။
- အလုပ်သမားများအားလုံး ဘာသာစကားတစ်မျိုးတည်းကို ပြောဆိုနေကြသလား။ ထိုသို့မဟုတ်ခဲ့ပါက ရုပ်ပုံပြစနစ်ကို အသုံးပြုပါ သို့မဟုတ် လုပ်ငန်းခွင်အတွင်း ပြောဆိုနေသည့် ဘာသာစကား တစ်မျိုးခြင်းစီအတွက် ပြင်ဆင်ပေးပါ။
- အလုပ်သမားတစ်ဦးချင်းစီအတွက် မိတ္တူတစ်စောင်စီ ပေးရန် သင်ကုန်ကျခံနိုင်ပါသလား။ ကျခံနိုင်ခြင်း မရှိပါက ပိုစတာများအဖြစ် အစားထိုးပြောင်းလဲ ပြုလုပ်ပါ။
- အလုပ်သမားများအနေဖြင့် လိုက်နာပါသလား။ လူငယ်အလုပ်သမားများ လိုက်နာလာစေရန် ဆောင်ရွက်ရမည့် အကောင်းဆုံးနည်းလမ်းမှာ ငါးဖမ်းလုပ်ငန်းခွင်တွင် ဘေးကင်းစွာ မည်သို့ လုပ်ဆောင်ရမည်ဆိုသည့် လမ်းညွှန်ချက်ပြုစုရေးသားရာတွင် ၎င်းတို့အား ပူးပေါင်းပါဝင်စေခြင်းနှင့် ၎င်းတို့အနေဖြင့် မည်သို့သော အကျိုးကျေးဇူးများရရှိနိုင်သည်ကို မြင်ကြည်စေခြင်းပင် ဖြစ်ပါသည်။
- လူငယ်အလုပ်သမားများက မည်သည့်အရာများကို ပိုမိုစိုးရိမ်တတ်သည်ကို သင်သိပါသလား။ လူငယ်အလုပ်သမားများနှင့်အတူထိုင်ပြီး လုပ်ကိုင်ရန်သင့်၊မသင့် စာရင်းတွင် လုပ်ငန်းဆောင်ရွက်ချက် တစ်ခုခု ကျန်ရစ်သွားမှု ရှိ၊ မရှိ ၎င်းတို့နှင့်အတူ ပြန်လည်သုံးသပ် ပြင်ဆင်ပါ။ ငါးဖမ်းရာတွင် ၎င်းတို့ ရင်ဆိုင်တွေ့ကြုံနေရသည့် အန္တရာယ်များအား ပြင်းထန်သော ၊ အဖြစ်များသော၊ ဖြစ်ဖို့အလားအလာရှိသော အန္တရာယ်များအစရှိသည်ဖြင့် ခွဲခြားမေးမြန်းပါ။ အဆိုပါ အန္တရာယ်များအား လက်စွဲစာစောင်အတွင်း ပါဝင်စေရန် သေသေချာချာဆောင်ရွက်ပါ။
- မြန်မာလူငယ်ငါးဖမ်းသမားများအတွက် အန္တရာယ်ကျရောက်စေနိုင်သည့် အလုပ်တာဝန် သို့မဟုတ် ခါတုပစ္စည်းများနှင့်ပတ်သက်ပြီး မေးခွန်းများ မေးလာစေရန် မည်သည့်နည်းက အကောင်းဆုံးဖြစ်မည်ကိုစဉ်းစားကြည့်ပါ။
- လူငယ်အလုပ်သမားများအနေဖြင့် လေ့ကျင့်သင်ကြားရန် သို့မဟုတ် ၎င်းတို့၏အလုပ်များကို မည်သို့ဆောင်ရွက်ရမည်ကို ရှင်းလင်းပြောကြားပေးရန် မည်သူကို ပြောဆိုရမည်နည်း။
- အကြမ်းဖက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုကဲ့သို့ သိမ်မွေ့သည် ကိစ္စများနှင့် ကြုံတွေ့ရပါက ၎င်းတို့ကို ပံ့ပိုးကူညီပေးရန် မည်သူက အကောင်းဆုံးဖြစ်မလဲ။
- လုပ်ငန်းခွင်အတွင်းရှိ သတင်းအချက်အလက်များကို ထည့်သွင်းပါ။
- မီးသတ်ဆေးဘူးများနှင့် ရှေးဦးသူနာပြုဆေးသေတ္တာဘယ်မှာရှိနေသလဲ။
- အနီးဆုံးဆေးရုံ သို့မဟုတ် ဆေးခန်းက ဘယ်လောက်ဝေးသလဲ။
- အရေးပေါ်အခြေအနေနှင့်ပတ်သက်၍ တာဝန်ရှိသူများ အမည်နှင့် ဆက်သွယ်ရမည့် အချက်အလက်များက ဘာလဲ။

## အဆင့် (၃) ဖြန့်ပေးပါ။ လေ့ကျင့်သင်ကြားပေးပါ။

**“လူငယ်အလုပ်သမားများအား ဘေးကင်းအောင်ထားပါ”** ဆိုသည့်စာစောင်များကို ငါးဖမ်း သင်္ဘောပိုင်ရှင်၊ မန်နေဂျာ၊ လုပ်ငန်းပိုင်ရှင်များသို့ ပေးဝေပါ။

- လူငယ်အလုပ်သမားတစ်ဦးချင်းစီအား “ဘေးကင်းအောင်နေထိုင်ရေးလမ်းညွှန်စာရွက်”အား ထုတ်ပေးထားပါ။
- အလုပ်သမားအသစ်များ ဝင်ရောက်လာသည့်အခါ ၎င်းတို့၏ ရာထူး/တာဝန်ပေါ်မူတည်၍ “လူငယ်အလုပ်သမားများအား ဘေးကင်းအောင်ထားပါ” စာစောင် သို့မဟုတ် “ဘေးကင်းအောင်နေထိုင်ရေးလမ်းညွှန်စာရွက်”များကို တစ်ဦးခြင်းစီအား ထုတ်ပေးထားပါ။[၁]
- ပထမဦးဆုံးအကြိမ် ငါးဖမ်းလုပ်ငန်းစတင်လုပ်ကိုင်မည့် လူငယ်များအတွက် သင့်အဖွဲ့အစည်း၏ ပံ့ပိုးမှုဖြင့် လေ့ကျင့်သင်ကြားပေးပါ။
- စာသင်ချိန်တွင် “ ဘေးကင်းအောင်နေထိုင်ရေး” လမ်းညွှန်ကို ထည့်သွင်းသင်ကြားပို့ချပေးရန် ဒေသခံကျောင်းများအား တိုက်တွန်းပေးပါ။

လက်စွဲစာအုပ်များသည် သီးသန့်အုပ်စုတစ်စုကို ရည်ရွယ်သော်လည်း ဥပမာအားဖြင့် “ဘေးကင်းအောင်နေထိုင်ရေး” သည် လူငယ်များကို ရည်ရွယ်၊ အခြားအဖွဲ့များအနေဖြင့်လည်း စာအုပ်ပါ သတင်းအချက်အလက် အချို့သည် အသစ်အဆန်းဖြစ်နေနိုင်ပါသည်။ လက်စွဲစာအုပ် တစ်အုပ်လုံးအား အခြားလုပ်ငန်းပိုင်ရှင်များ၊ ကုန်သည်ကြီးများအသင်းနှင့် အခြားအလားတူ အဖွဲ့အစည်းများထံသို့ ပံ့ပိုးပေးခြင်း၊ လက်စွဲစာအုပ်ပါ ဆီလျော်သက်ဆိုင်သည့် သတင်းအချက်အလက်များအား ၎င်းတို့၏ အဖွဲ့ဝင်များ၊ လူငယ်အလုပ်သမားများထံ တဆင့်ပြန်လည် ဖြန့်ဝေပေးစေခြင်းသည် ကလေးအလုပ်သမားဥပဒေများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေး၊ ဆက်သွယ်ရမည့်သူများ၊ အရင်းအမြစ်များတို့နှင့်ပတ်သက်သည့် အသုံးဝင်သော သတင်းအချက်အလက်များကို လူကြီးများထံ ပေးအပ်နိုင်သည့် ထပ်တိုးအကျိုးကျေးဇူးများ ရရှိလာလိမ့်မည်ဖြစ်ပါသည်။

---

၁ လေ့ကျင့်သင်ကြားခြင်းအတွက်မူ မေးခွန်းများ မေးမြန်းလာခဲ့ပါက အရန်အဖြစ် ဆောင်ရွက်ပေးနိုင်ရန် လုပ်ငန်းခွင် ကျန်းမာရေးနှင့်စပ်လျဉ်းပြီး အတွေ့အကြုံရှိသည့် ဆေးဖက်ဆိုင်ရာ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအဖွဲ့အစည်းများရှိခြင်းသည် အထောက်အကူပြုပါသည်။

# အဖွဲ့အစည်းများအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည့် နောက်ထပ်လုပ်ဆောင်ချက်များ

စာရွက်စာတမ်းတစ်ခုဖြင့် လူများကို ပြောင်းလဲသွားအောင် ပြုလုပ်နိုင်ခဲပါသည်။ သို့ပါ၍ လူငယ်အလုပ်သမားများကို ကာကွယ်ရန် ပိုမိုကျယ်ပြန့်သော လှုပ်ရှားမှုတစ်ခု၏ တစ်စိတ်တစ်ပိုင်းအဖြစ် "လူငယ်များအတွက် ဘေးကင်းသော အလုပ်" စာအုပ်ကို အသုံးပြုရန် စဉ်းစားခြင်းသည် သင့်တော်ကောင်းမွန်လှပါသည်။ ငါးဖမ်းလုပ်ငန်းပိုင်ရှင်များ သို့မဟုတ် လုပ်ငန်းရှင်များသို့မဟုတ် ငါးဖမ်းအလုပ်သမားအဖွဲ့အစည်းများသည် လက်တွေ့ကျခြင်း၊ စဉ်းစားခြင့်ချိန်တတ်ခြင်း စသည် နာမည်ဂုဏ်သတင်း ကျော်ကြားခြင်းတို့ကြောင့် ၎င်းတို့သည် အပြောင်းအလဲတစ်ရပ် ဖြစ်လာစေရေး တွန်းအား ကောင်းတစ်ရပ်ဖြစ်နိုင်ပါသည်။ ၎င်းတို့သာ ဦးဆောင်မည်ဆိုပါက ပိုင်ရှင်များ နောက်က လိုက်ပါလာပါလိမ့်မည်ဖြစ်ပါသည်။ လှုပ်ရှားမှုတစ်ခုတွင် အောက်ပါအချက်များပါဝင်သင့်ပါသည်-

## သတင်းအချက်အလက်များ စုဆောင်းခြင်း

အချက်အလက်များသည် လူအများအနေဖြင့် လူငယ်များ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်ကျန်းမာရေး အပေါ် အရေးတကြီး ဆောင်ရွက်ရန်လိုကြောင်း နားလည်သဘောပေါက်စေရေး သက်သေပြနိုင်မည့် စမှတ်တစ်ခု ဖြစ်ပါသည်။ လုပ်ငန်းခွင် ထိခိုက်မှုဖြစ်ပွားပြီးလူငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် နာမကျန်းမှုဖြစ်ပွားပါက အဆိုပါဆိုးရွားလှသည့်ဖြစ်ရပ်အား အသုံးပြုပြီး အပြုသဘောဆောင်သည့် အပြောင်းအလဲဖြစ်အောင် ပြုလုပ်ပါ။ အလားတူဖြစ်ရပ်မျိုး၊ အခြေအနေမျိုး ထပ်မံမဖြစ်ပွားစေရေးချက်ခြင်းပင် လှုပ်ရှားမှုတစ်ရပ်ပြုလုပ်ပါ။ ထိခိုက်မှုဖြစ်စေခဲ့သည့် အကြောင်းအချက်များအားလုံးကိုလေ့လာပြီး မည်သို့ရှောင်ရှားရမည်ကို ဆွေးနွေးတိုင်ပင်ပါ။ ထိခိုက်မှု ဖြစ်စဉ်နှင့် စပ်လျဉ်းပြီး အကျွမ်းတဝင်ရှိခဲ့သူများအား သူတို့အနေဖြင့် အကူအညီပေးရန် ဆန္ဒရှိ၊ မရှိ မေးမြန်းပါ။

မကြာခဏဆိုသလို အလုပ်သမား၊ အလုပ်ရှင်များအဖွဲ့အစည်းများသည် ယခင်က ဖြစ်ပွားခဲ့သည့် လုပ်ငန်းခွင် မတော်ဆဖြစ်ရပ်များနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို မှတ်တမ်းပြုစုပေးခြင်းဖြင့် အဖိုးမဖြတ်နိုင်သည့် အထောက်အပံ့များ ပေးအပ်နိုင်ကြပါသည်။

## ဥပဒေများအား အားကောင်းအောင်ပြုလုပ်ခြင်း

လူအများစု၊ တာဝန်ရှိသူများပင် လူငယ်အလုပ်သမားများအား အကာအကွယ်ပေးနေသည့် ဥပဒေများကို မသိရှိကြပါ။ တစ်ခါတစ်ရံတွင် ပြည်တွင်း ဥပဒေများနှင့် အပြည်ပြည်ဆိုင်ရာ ကလေးအလုပ်သမား စံချိန်စံနှုန်းအကြား ကွာဟချက် သို့မဟုတ် မကိုက်ညီမှုများရှိနေတတ်ပါသည်။ ကလေးအလုပ်သမားဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေး ဥပဒေတို့အပေါ် အားကောင်းလာအောင် ပြုလုပ်ခြင်း၊ စစ်ဆေးစည်းကြပ်ခြင်းများ ဆောင်ရွက်ပေးခြင်းတို့သည် နောင်ပိုင်းဆောင်ရွက်ရမည့် လုပ်ဆောင်ချက်များအတွက် လိုအပ်သော အခြေခံအုတ်မြစ်ကို ဖြစ်ပေါ်စေပါသည်။ ဤအချက်နှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ပါ -

- အိမ်အကူလုပ်ငန်း၊ စိတ်နှင့်လူမှုရေးပိုင်းအန္တရာယ်၊ ညပိုင်းအလုပ်၊ အလုပ်ချိန်နှင့် ကျောင်းတက်ချိန် ပေါင်းစပ်ထားမှုများ၊ HIV/AIDS ကဲ့သို့သော ခြိမ်းခြောက်မှုအသစ်များအပါအဝင် လူငယ်များနှင့် သက်ဆိုင်သည့်လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး ကျန်းမာရေးအကြောင်းအရာများအားလုံးကို လွှမ်းခြုံ အကျိုးဝင်သော နည်းဥပဒေများ ထုတ်ပြန်ပံ့ပိုးခြင်း။

- အလုပ်သမားရေးရာ စစ်ဆေးရေး အရာရှိများ၊ ရဲများနှင့်အစိုးရတာဝန်ရှိသူများအား လူငယ်အလုပ်သမားများ၏ အထူးထိခိုက်လွယ် အခြေအနေများ၊ အခွင့်အရေးများနှင့် လူငယ်အလုပ်သမားများကို ကာကွယ်ပေးရန် အလုပ်ရှင်က ဆောင်ရွက်နေသည့် အလုပ်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်း။
- မြန်မာနိုင်ငံရှိ ဥပဒေများအား အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ အဖွဲ့ပြဌာန်းချက် အမှတ် ၁၈၂ ပါ သတ်မှတ်ချက်များနှင့်အညီ ပြုစုထားသည့် ကလေးအလုပ်သမားများအတွက် အန္တရာယ်ရှိသော တရားဝင်စာရင်းနှင့် နှိုင်းယှဉ်ကြည့်ခြင်း၊
- တည်ဆဲဥပဒေများအား မည်သို့ စစ်ဆေးစည်းကြပ်နေသည်နှင့် အန္တရာယ်ရှိသော လုပ်ငန်းခွင် အခြေအနေများ၌ အသက် (၁၈)နှစ်အောက် လူငယ်အလုပ်သမားများအား ဆက်လက်ခန့်ထား အသုံးပြုလျက်ရှိသည့် ငါးဖမ်းလုပ်ငန်းများကို အရေးယူမှု ရှိ/မရှိ တို့အပေါ် အသေအခြာအကဲဖြတ်ခြင်း၊
- အဓိက တာဝန်ရှိသူများ၏ အာရုံစိုက် အလေးထားမှုကိုရရှိစေရန် နည်းလမ်းတစ်ခုအဖြစ် လူငယ်များ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရရှိမှု၊ သေဆုံးမှုနှင့်ဆိုင်သည့် အချက်အလက်များအား အသုံးပြုပြီး ငါးဖမ်းလုပ်ငန်းနှင့်စပ်လျဉ်းပြီး လုပ်ငန်းကဏ္ဍတစ်ရပ် လုံးတွင် မည်မျှကုန်ကျသည်၊ တစ်ဦးတစ်ယောက်ခြင်းအတွက်မှမည်မျှကုန်ကျသည်ကို တွက်ချက်ပြခြင်း။

# အသိအမြင် မြှင့်တင်ပေးခြင်း

လူငယ်အလုပ်သမားများအပေါ် အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းပြီး အခြားသူများအနေဖြင့် သူတို့၏ အခန်းကဏ္ဍအားသိရှိလာအောင် ပြုလုပ်ပါ။ ဤအချက်နှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း ဆောင်ရွက်ပါ-

- ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ကဲ့သို့သော အခြားသောပွဲလမ်းများနှင့် ဆက်စပ်ပြီး အများပြည်သူအား အသိပေးသည့် လှုပ်ရှားမှုများပြုလုပ်ဆောင်ရွက်ခြင်း၊
- မူလတန်း၊ အလယ်တန်းနှင့် သက်မွေးပညာ သင်တန်းများ၏ သင်ခန်းစာများတွင် လုပ်ငန်းခွင် ကျန်းမာရေးအကြောင်း ထည့်သွင်းရန်တိုက်တွန်းခြင်း၊
- ငါးဖမ်းလုပ်ငန်းအတွင်း လူငယ်အလုပ်သမားများ၏ ထိခိုက်ဒဏ်ရာရရှိမှုအား သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများထံ အစီရင်ခံတင်ပြခြင်း(ဥပမာ- ကျန်းမာရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန)
- လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုအား မည်သို့တိုးတက်အောင်လုပ်နိုင်ကြောင်း ပြသသည့် သင်တန်းများဖွင့်လှစ်ပေးမည့် ဖြစ်ကြောင်း အလုပ်ရှင်အား ကမ်းလှမ်းခြင်း။ ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ "WISE" (အသေးစား လုပ်ငန်းများအတွက် လုပ်ငန်းခွင်တိုးတက်ရေး) အစီအစဉ်သည် အကောင်းဆုံးသော နမူနာဖြစ်ပြီး၊ ကမ္ဘာတစ်ဝှမ်းတွင် အဆိုပါသင်တန်းအတွက် နည်းပြဆရာများလည်း အများအပြားရှိကြပါသည်။
- အလုပ်ရှင်အဖွဲ့အစည်းများ၊ စီးပွားရေး လုပ်ငန်းစုများ၊ ကုန်သည်ကြီးများအသင်း စသည်တို့၏ အစည်းအဝေးများတွင် သွားရောက်ရှင်းလင်းတင်ပြခြင်း၊ လူငယ်အလုပ်သမားများနှင့် သက်ဆိုင်သော သတင်းအချက်အလက်များအား ဥပဒေအသစ် ၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး နည်းဥပဒေများ၊ အရင်းအမြစ်အသစ်များ၊ ပြည်ပပို့ ကုန်ပစ္စည်းများနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်မှု သတင်းအချက်အလက်များကဲ့သို့သော ၎င်းတို့စိတ်ပါ စင်စားမည့်အခြားသော သတင်း အချက်အလက်များနှင့်ပေါင်းစပ်တင်ပြခြင်း၊
- လူငယ်အလုပ်သမားများ ခန့်ထားလုပ်ကိုင်နေသည့် အခြားအလုပ်ရှင်များထံ ၎င်းတို့၏ လုပ်ငန်းခွင်များအတွင်း ကပ်ထားရန်ပိုစတာများအား ပံ့ပိုးပေးခြင်း၊ နည်းလမ်း (၅)ရပ်ကဲ့သို့သော လက်ကမ်းစာစောင်များအား လူငယ်အလုပ်သမားများထံ ဖြန့်ဝေပေးခြင်း၊

# ထပ်ဆောင်း  သတင်းအချက်အလက်များ

# နောက်ဆက်တွဲများ - အပြည်ပြည်ဆိုင်ရာ ဥပဒေများနှင့် ပြဋ္ဌာန်းချက်များ

## အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ တိုက်တွန်းချက် အမှတ် (၁၉၀)

**အသက် (၁၈)နှစ်အောက် ကလေးများအား အောက်ပါနေရာများတွင် မခိုင်းစေသင့်ပါ-**

### အပိုင်း (၂)

(ဂ) (၄) မိန်းခလေးများအနေဖြင့် အထူးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့် ဖုံးကွယ်နေသော လုပ်ငန်းခွင် အခြေအနေများ၊

### အပိုင်း (၃)

(က) ကလေးများအား ရုပ်ပိုင်း၊ စိတ်ပိုင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့နှင့် ကြုံတွေ့နိုင်သော အလုပ်များ၊

(ခ ) မြေအောက်၊ ရေအောက်၊ အန္တရာယ်ရှိသော အမြင့် သို့မဟုတ် အလုံပိတ်နေရာများတွင် လုပ်ကိုင်ရသည့် အလုပ်များ၊

(ဂ ) အန္တရာယ်ရှိသော စက်၊ပစ္စည်းကိရိယာများ၊ လက်သုံးတန်ဆာပလာတို့နှင့် လုပ်ကိုင်ရသော အလုပ် သို့မဟုတ် လေးလံသော ဝန်ထုတ်များအား လူအားဖြင့် သယ်မရခြင်း သို့မဟုတ် သယ်ယူခြင်းများ လုပ်ကိုင်ရသည့် အလုပ်၊

(ဃ) ကျန်းမာရေးနှင့် မညီညွတ်သည့် လုပ်ငန်းခွင် ပတ်ဝန်းကျင်တွင် လုပ်ကိုင်ရသည့် အလုပ်၊ ဥပမာအားဖြင့် လူငယ်များအား အန္တရာယ်ရှိသော အရာဝတ္ထု၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းစဉ်များ ထိတွေ့နိုင်သော သို့မဟုတ် ၎င်းတို့၏ ကျန်းမာရေးကို ထိခိုက်နိုင်သည့် အပူချိန်၊ ဆူညံသံ၊ တုန်ခါမှုများနှင့် ထိတွေ့နိုင်သော အလုပ်၊

(င ) အလုပ်ချိန်ကြာရှည်ခြင်း သို့မဟုတ် ညပိုင်းတွင် လုပ်ကိုင်ရခြင်း သို့မဟုတ် အလုပ်ရှင်များ၏ ပရဝုဏ် အတွင်း ကလေးများအား ကျိုးကြောင်းညီညွတ်မှုမရှိဘဲ ကန့်သတ်ထားခြင်းကဲ့သို့သော ထူးခြားပြီး ခက်ခဲသည့် အခြေအနေများတွင် လုပ်ကိုင်ရသည့်အလုပ်၊

## အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၊ ပြဋ္ဌာန်းချက် အမှတ်(၁၈၈)

### အပိုဒ် (၁)

(က) စီးပွားဖြစ်ငါးဖမ်းခြင်းဆိုသည်မှာ ဝမ်းစာအတွက် ငါးဖမ်းခြင်းနှင့် အပန်းဖြေ ငါးဖမ်းခြင်းများမှအပ မြစ်များ၊ ကန်များ သို့မဟုတ် တူးမြောင်းများတွင် လုပ်ကိုင်သည့် ငါးဖမ်းလုပ်ငန်းဆောင်ရွက်မှုများ အားလုံး ကိုဆိုသည်။

( င) ငါးဖမ်းသူဆိုသည်မှာ ဖမ်းဆီးရမိသည့် ငါးများအပေါ်ဝေစုရရှိသည့် ငါးဖမ်းလှေပေါ်တွင် လုပ်ကိုင်နေသူများအပါအဝင် မည်သည့်သော ရာထူး သို့မဟုတ် မည်သို့သော အလုပ်မျိုးကိုမဆို လုပ်ကိုင်နေသည့် မည်သည့် ငါးဖမ်းရေယာဉ်ပေါ်တွင်မဆို လုပ်ကိုင်နေသည့် လူတိုင်းကို ဆိုသည်။

(ဆ) ငါးဖမ်းရေယာဉ် သို့မဟုတ် ရေယာဉ် ဆိုသည်မှာ ပိုင်ဆိုင်မှုပုံစံနှင့် မသက်ဆိုင်ဘဲ မည်သို့သော သဘောသဘာဝရှိစေကာမူ စီးပွားဖြစ်ငါးဖမ်းရန် ရည်ရွယ်သည့် သို့မဟုတ် အသုံးပြုသည့် မည်သည့် သင်္ဘော သို့မဟုတ် လှေကိုဆိုသည်။

## အပိုဒ် (၁၉)

၁။ ငါးဖမ်းရေယာဉ်ပေါ်တွင် အလုပ်လုပ်ခွင့်ရှိသည့် အနိမ့်ဆုံးအသက်မှာ ၁၆ နှစ်ဖြစ်သည်။ သို့ရာတွင် အခွင့်ရအာဏာပိုင်အနေဖြင့် ပြည်တွင်းဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် မသင်မနေရ ပညာရေးနှင့် ပတ်သက်မှု မရှိတော့သည့်သူများကိုလည်းကောင်း၊ ငါးဖမ်း လုပ်ငန်း ဆိုင်ရာ အသက်မွေးဝမ်းကျောင်း သင်တန်းတက်ရောက်ထားသူများကို လည်းကောင်း အသက် ၁၅ နှစ်တွင် လုပ်ကိုင်စေရန် ခွင့်ပြုနိုင်သည်။

၂။ အခွင့်ရအာဏာပိုင်အနေဖြင့်ပြည်တွင်းဥပဒေများ၊ ကျင့်သုံးနေမှုများနှင့်အညီ ကျောင်းအား လပ်ရက်ကာလအတွင်း ပေါ့ပါးသည့် အလုပ်ကိုလုပ်ဆောင်ရန် အသက် ၁၅ နှစ် ရှိသူများကို လုပ်ကိုင်ခွင့်ပြုနိုင်သည်။ ထိုကဲ့သို့ကိစ္စရပ်များတွင် တိုင်ပင်ဆွေးနွေးပြီးနောက် ခွင့်ပြုထားသည့် အလုပ်အမျိုးအစားကို ဆုံးဖြတ်သတ်မှတ်ခြင်း၊ အဆိုပါ အလုပ်များကို လုပ်ကိုင်ရမည့် အခြေအနေများ၊ လိုအပ်သည့်အနားယူချိန်တို့အပေါ် သတ်မှတ်ပြဋ္ဌာန်းခြင်းများကို လုပ်ဆောင်ရမည်။

၃။ ငါးဖမ်းရေယာဉ်အဖွဲ့တွင် လုပ်ကိုင်ဆောင်ရွက်ရန် တာဝန်ပေးအပ်မည့် အလုပ်နှင့်စပ်လျဉ်းပြီး အနိမ့်ဆုံးအသက်သည် လုပ်ကိုင်ရမည့် အလုပ်၏ သဘောသဘာဝအရ သို့မဟုတ် အခြေအနေများအရ လူငယ်များ၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး သို့မဟုတ် ကိုယ်ကျင့်တရားအပေါ် ထိခိုက်စေပါက အသက် ၁၈ နှစ် အောက်မငယ်စေရ။

၄။ ဤအပိုဒ် စာပိုဒ်ခွဲငယ်(၃) ပါ လုပ်ငန်းဆောင်ရွက်မှု အမျိုးအစားများကို ပြည်တွင်း ဥပဒေများ သို့မဟုတ် နည်းဥပဒေများ သို့မဟုတ် အခွင့်ရအာဏာပိုင်က ကျရောက်နိုင် ချေရှိသည့် အန္တရာယ်များ၊ သက်ဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများကို ထည့်သွင်း စဉ်းစားလျက် တိုင်ပင်ဆွေးနွေး ပြီးနောက် သတ်မှတ်ဆုံးဖြတ်ရမည်။

၅။ ဤအပိုဒ် စာပိုဒ်ခွဲငယ်(၃)ဖြင့် ညွှန်းဆိုထားသည့် လုပ်ငန်းတာဝန်များ၏ လုပ်ဆောင်ချက်များကို လုပ်ဆောင်ရန် အသက်အား (၁၆)နှစ်အဖြစ် ပြည်တွင်း ဥပဒေ၊ နည်းဥပဒေများဖြင့် သတ်မှတ်ပြဋ္ဌာန်းပေးရမည် သို့မဟုတ် လူငယ်များ၏ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စိတ်အခြေအနေများအပေါ် အပြည့်အဝကာကွယ်မှုပေးသည့် အခြေအနေ ၊ လုံလောက်သည့် အသေးစိတ်ညွှန်ကြားချက်ရရှိထားသည် အခြေအနေသို့မဟုတ် သက်မွေးပညာ လေ့ကျင့်သင်ကြားထားသည့် အခြေအနေ သို့မဟုတ် ပင်လယ်ပြင်မထွက်ခွာမီ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အခြေခံ သင်တန်းတက်ရောက်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ တိုင်ပင်ဆွေးနွေးပြီးနောက် အခွင့်ရအာဏာပိုင်အဖွဲ့၏ ဆုံးဖြတ်ချက်အရ သတ်မှတ်နိုင်သည်။

၆။ အသက် ၁၈ နှစ်အောက် ငါးဖမ်းသူများအား ညအချိန်တွင် အလုပ်ခိုင်းစေခြင်းကိုတားမြစ်သည်။ ဤပြဌာန်းချက်ပါ ရည်ရွယ်ချက်ကို ဖော်ဆောင်ရန် "ည"ဆိုသည့် စကားရပ်အား ပြည်တွင်း ဥပဒေ၊ ကျင့်ထုံးများအရ အဓိပ္ပါယ်သတ်မှတ်ရမည်။ ထိုသို့ သတ်မှတ်ရာတွင် သန်းခေါင်ထက် နောက်မကျဘဲ နံနက် ၅ နာရီထက်မစောဘဲ အနည်းဆုံး ၉ နာရီအတွင်းရှိသည့် အချိန်ကာလ အကျုံးဝင်ပါဝင်ရမည်။ ညဥ့်အချိန် အလုပ်လုပ်ကိုင်ခြင်းနှင့် စပ်လျဥ်းသည့် တင်းကြပ်သည့် ကန့်သတ်တားမြစ်မှုအပေါ် ခြွင်းချက်ပေးခြင်းအား အခွင့်ရအာဏာပိုင်က အောက်ပါအချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်-

(က) ပြဌာန်းထားသည့် လုပ်ငန်းအစီအစဉ်များ၊ အစီစဥ်ကာလတို့နှင့်အညီ သက်ဆိုင်ရာ ငါးဖမ်းသူများအတွက် ထိရောက်သည့် လေ့ကျင့်သင်ကြားမှု အာနည်းနေသည့်အခါ၊

( ခ) လုပ်ငန်းတာဝန်၏ သီးသန့်သဘောသဘာဝ သို့မဟုတ် အသိအမှတ် ပြုထားသည့် လေ့ကျင့်သင်ကြားမှု အစီအစဉ်အရ ခြွင်းချက်ရရှိထားသည့် ငါးဖမ်းသမားများအနေဖြင့် ညဖက်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဥ်းသည့် လိုအပ်ချက်၊ တိုင်ပင်ဆွေးနွေးပြီးနောက် အခွင့်ရအာဏာပိုင်က လူငယ်အလုပ်သမားတို့၏ ကျန်းမာရေး သို့မဟုတ် စိတ်ချမ်းသာမှုအပေါ် ထိခိုက်နစ်နာစေသည့် သက်ရောက်မှုမရှိသည့်အလုပ်ဟု သတ်မှတ်ဆုံးဖြတ်သည့်အခါ၊

## အပိုဒ် (၃၁)

အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းစီသည် ဥပဒေများ၊ နည်းဥပဒေများ ထုတ်ပြန်ခြင်း သို့မဟုတ် အခြားအစီအမံများ ချမှတ်ရမည်-

(က) အန္တရာယ်ကျရောက်နိုင်မှုအား အကဲဖြတ်ဆန်းစစ်ခြင်း၊ စီမံခန့်ခွဲခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်း၊ ငါးဖမ်းသမားများအား ရေယာဥ်ပေါ်ဆိုင်ရာ ညွှန်ကြားချက်များပေးခြင်း အပါအဝင် လုပ်ငန်းခွင်မတော်တဆထိခိုက်မှု၊ လုပ်ငန်းခွင်ရောဂါရရှိမှု၊ ငါးဖမ်းသင်္ဘောဆိုင်ရာ အလုပ်ကြောင့် ကျရောက်နိုင်သည့် အန္တရာယ်များအပေါ် အကာအကွယ်ပေးခြင်း၊

( ခ) အသုံးပြုရမည့် ငါးဖမ်းပစ္စည်းများအမျိုးအစားအလိုက် ကိုင်တွယ်ခြင်း၊ လုပ်ကိုင်ရမည့် ငါးဖမ်းလုပ်ငန်းဆိုင်ရာ အသိပညာတို့နှင့်စပ်လျဥ်းပြီး လေ့ကျင့်သင်ကြားပေးခြင်း၊ ၊

( ဂ) အသက် ၁၈ နှစ်အောက် ငါးဖမ်းသမားများ၏ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးနှင့် စပ်လျဥ်းပြီး ငါးဖမ်းရေယာဥ်ပိုင်ရှင်များ၊ ငါးဖမ်းသူများနှင့် အခြားသူများ၏တာဝန်ဝတ္တရားများ၊

(ဃ) ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေစဥ် ရေယဥ်ပေါ်တွင် ဖြစ်ပွားသည့် လုပ်ငန်းခွင်မတော်တဆထိခိုက်မှုများအပေါ် အစီရင်ခံခြင်းနှင့် စုံစမ်းစစ်ဆေးခြင်း၊

( င) တိုင်ပင်ဆွေးနွေးပြီးနောက် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး ပူးတွဲကော်မတီများ သို့မဟုတ် အခြားသင့်လျော်သည့် အဖွဲ့များဖွဲ့စည်းခြင်း။

**ကျွန်ုပ်တို့၏ အောက်ပါ အင်တာနက်စာမျက်နှာများသို့ ဝင်ရောက်ကြည့်ရှုပါ။**

http://www.ilo.org/safework/projects/WCMS_516592/lang--en/index.htm

http://www.ilo.org/ipec/projects/global/WCMS_356062/lang--en/index.htm

http://www.ilo.org/ipec/Action/SafeWorkforYouth/lang--en/index.htm

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**
**Labour Administration, Labour Inspection and Occupational Safety and Health Branch (LABADMIN/OSH)**

**International Labour Organization**
4 route des Morillons
CH-1211 Geneva 22 – Switzerland
Tel.: +41 (0) 22 799 61 11
Fax: +41 (0) 22 798 86 95

fundamentals@ilo.org - www.ilo.org/childlabour
labadmin.osh@ilo.org - www.ilo.org/labadin.osh

**ILO Yangon Office**

No. 1 Kanbae (Thitsar) Road
Yankin Township
Yangon – Myanmar
Tel: +(951) 233 65 39
Fax: +(951) 233 65 82

yangon@ilo.org - www.ilo.org/yangon

ISBN 978-92-2-030863-9